緬甸

# စာအုပ်ကို ဘယ်လိုငှားရမ်းရမလဲ။

ကြယ်ငါးပွင့် အဆင့်မြင့်စာကြည့်တိုက်မှ ကြိုဆိုပါ၏။
ဖတ်ရှုစရာ စာအုပ်များ
ကြည့်ရှုစရာ ဗီဒီယိုခွေများ
သုံးဆောင်စရာ ကော်ဖီများ
အပန်းဖြေအနားယူစရာ ရှုခင်းများ
သင့်အား ကောင်းရှုံမြို့ စာကြည့်တိုက်မှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါ၏။

## ( ၁ ) ငှားရမ်းခွင့်ကတ်ပြား၏ လုပ်ဆောင်ချက်

ထိုင်ဝမ်တွင် နေထိုင်ခွင့်ကတ်ပြား (သို့မဟုတ် ) သက်ဆိုင်ရာသံရုံးမှထုတ်ပေးသော နိုင်ငံကူးလက်မှတ်စာအုပ်ကိုပြ၍ ကောင်တာတွင် ဖောင်ဖြည့်ကာ ငှားရမ်းခွင့်ကတ်ပြားကို ချက်ချင်း ရရှိနိုင်ပါသည်။

ရေးဖြည့်ရန် လိုအပ်သောအချက်အလက်များ

( ၁ ) နာမည် ၊ ကျား/မ ၊ အလုပ်အကိုင် ၊ နေထိုင်ခွင့်ကတ်ပြားနံပါတ် (သို့မဟုတ်)နိုင်ငံကူး
ပတ်စပို့နံပါတ် ၊ မွေးရက် ၊ အီးမေးလ် ၊ သန်းခေါင်စာရင်းနှင့်ဆက်သွယ်ရန်အိမ်လိပ်စာ ၊
အိမ်ဖုံးနံပါတ်နှင့်လက်ကိုင်ဖုန်းနံပါတ်

( ၂ ) အကယ်၍ ( iPass Card )ကို အသုံးပြု၍ စာအုပ်ငှားပါက ဖောင်ထဲတွင် အမှတ်အသား
လုပ်၍ ပိုင်းထားပေးပါ။

( ၃ ) အကယ်၍ သင်၏ကိုယ်စား (တခြားသူ)လာမည်ဆိုပါက၊ ထိုသူ၏နိုင်ငံသားမှတ်ပုံတင်
ကတ်ပြားနှင့် သင်၏နေထိုင်ခွင့်ကတ်ပြား ( သို့မဟုတ် ) နိုင်ငံကူးလက်မှတ်စာအုပ်များကို တပါတည်း ယူဆောင်လာရမည်။

## ( ၂ ) စာအုပ်ငှားရန်

ယင်းစာအုပ်ငှားရမ်းခွင့်ကတ်ပြားဖြင့် ကောင်းရှုံစာကြည့်တိုက်၏ အခြားသောစာကြည့်တိုက်
အခွဲများတွင်လည်း၊ ငှားရမ်း၍ အသုံးပြုနိုင်ပါသည်။

( ၁ )ပင်မစာကြည့်တိုက် - တစ်ကြိမ်လျှင် ( ၅ )အုပ်၊ ကြည့်ရှုနားဆင်စရာ
( ၁ )ခု ၊ သတ်မှတ်ငှားရမ်းခွင့်ကာလ ( ၇ )ရက်

( ၂ )စာကြည့်တိုက်အခွဲများ - တစ်ကြိမ်လျှင် ( ၁၀ )အုပ်၊ ကြည့်ရှုနားဆင်စရာ
( ၂ )ခု ၊ ရက်ကျော်လစဉ်သတင်း၊ ဂျာနယ် ( ၂ )ခု၊ ယင်းအားသတ်မှတ်
ငှားရမ်းခွင့်ကာလ (၂၈ )ရက်နှင့်ကြည့်ရှုနားဆင်စရာငှားရမ်းခွင့်ကာလ
( ၁၄ )ရက်

( ၃ )သတ်မှတ်ထားသောငှားရမ်းခွင့်ကာလနှင့် စာအုပ်အရေအတွက်သည် အခြေအနေပေါ်မူတည်၍
ပြုပြင်ပြောင်းလဲမှုများ ရှိနိုင်ပါသည်။

( ၄ )ပင်မစာကြည့်တိုက်နှင့်အခြားသော စာကြည့်တိုက်အခွဲများတွင်စာအုပ်များကို
ပြန်လည်အပ်နှံနိုင်ပါသည်။

## ( ၃ ) စိစစ်ခြင်း

နေထိုင်ခွင့်ကတ်ပြား ( သို့မဟုတ် ) နိုင်ငံကူးလက်မှတ်စာအုပ်ကို ယူဆောင်ပြီး ငှားရမ်းခွင့်ကတ်ပြားကိုသုံးနှစ်လျှင်
တစ်ကြိမ် ထပ်မံစိစစ် အတည်ပြုပါမည်။